(၇၆) ကြိမ်မြောက် အာဇာနည်နေ့ အတွက် ပြည်ထောင်စု ဝန်ကြီးဒေါက်တာ ဆာဆာ၏ မိန့်ခွန်း။

ဇူလိုင်လ ၁၉ ရက် ၂၀၂၃

မြန်မာနိုင်ငံတွင် ဒီကနေ့ကျရောက်သော (၇၆) ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ကို ကျင်းပနေကြပါသည်။ မြန်မာပြည်သူများ၏ လွတ်လပ်ရေး၊ ကိုယ့်ကံကြမ္မာကိုယ့်ဖန်တီးရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအတွက် ရုန်းကန်ခဲ့သည့် (၇၆) နှစ်ကြာကိုလည်း ကိုယ်စားပြုနေသည်။ အာဇာနည်နေ့တွင် မြန်မာနိုင်ငံနှင့်ဒေသတွင်းတစ်ခုလုံးအတွက် လွတ်လပ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီနှင့် တရားမျှတရေးတို့ရရှိရန်အတွက် မိမိတို့အသက်ကို စွန့်လွှတ်အနစ်နာခံခဲ့သော သူရဲကောင်းများအားလုံးကို အလေးပြု ဂုဏ်ပြုအပ်ပါသည်။

လွန်ခဲ့သော (၇၆) နှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ ၁၉၄၇ ခုနှစ်၊ နံနက် (၁၀) နာရီ (၃၇) မိနစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသားသူရဲကောင်းနှင့် လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေးခေါင်းဆောင်များ ရက်စက်ကြမ်းကြုတ်စွာ လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းက မြန်မာ့သမိုင်းကို ပြောင်းလဲစေခဲ့သည်။ ရလဒ်အနေဖြင့် မြန်မာပြည်သူများသည် သမိုင်းတလျှောက် ကြောက်စရာကောင်းတဲ့ အမှောင်နေ့ကို ခံစားခဲ့ကြရသည်။ လွတ်လပ်ရေးခေါင်းဆောင်များသာ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခြင်းမခံခဲ့ရလျှင် ယနေ့ မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီ၊ တန်းတူညီမျှရေးကတိကဝတ်နှင့် မူဝါဒများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ပြီး ကမ္ဘာ့အလယ်တွင် တိုးတက်ကောင်းမွန်နေလောက်ပြီဖြစ်သည်။

ဤကဲ့သို့ အမှောင်ကျသော နေ့ရက်များမတိုင်မီက မြန်မာနိုင်ငံသည် အာရှတွင် အလားအလာအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး အာရှတိုက်၏ဆန်အိုးကြီးဟု လူသိများလောက်အောင် ဒေသတွင်း၌ ချမ်းသာကြွယ်ဝမှုရှိသောနိုင်ငံများအနက် တစ်ခုဖြစ်နေခဲ့သည်။ သို့သော် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်ခင်ကတည်းက အမြစ်တွယ်နေသည့် အကြမ်းဖက်စစ်အာဏာရှင်စိတ်ဓာတ်ရှိသူများ၏ လုပ်ရပ်ကြောင့် တိုးတက်မှုများအားလုံး အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ လုပ်ကြံသတ်ဖြတ်မှုဖြင့် လွတ်လပ်ရေးခေါင်းဆောင်များကို ဆုံးရှုံးသွားရုံသာမက ပင်လုံမြို့တွင် လက်မှတ်ရေးထိုးခဲ့သည့် ပင်လုံစာချုပ်ပါ လွတ်လပ်ရေးသဘောတူညီချက်များနှင့် ဖက်ဒရယ်ဒီမိုကရေစီ သဘောတူညီချက်များလည်း ပြိုပျက်သွားခဲ့ရသည်။

(၇၆) နှစ်ကြာပြီးနောက် တူညီသော အကြမ်းဖက်အုပ်စု၏ အရင်းအမြစ်ဖြစ်သည့် စစ်တပ်က အခြေခံလူ့အခွင့်အရေးများကို လျစ်လျူရှုပြီး မြန်မာပြည်သူလူထုအပေါ် လူမျိုးတုံးသတ်ဖြတ်တိုက်ခိုက်ခြင်း၊ ဖက်

ဒရယ်ဒီမိုကရေစီစံတန်ဖိုးများနှင့် မူဝါဒများကို လျစ်လျူရှုခြင်းဖြင့် နည်းအမျိုးမျိုးသုံး၍ ဖိနှိပ်အကြမ်းဖက် နေကြဆဲဖြစ်သည်။ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအတွက် ရပ်တည်ခဲ့ကြသော်လည်း အကြမ်းဖက်စစ်အုပ်စုသည် မိမိတို့ပြည်သူလူထုအပေါ် ပြန်လည်စစ်ကြေညာဆဲ ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မတရားအာဏာသိမ်းရန်ကြိုးပမ်းခဲ့သော အကြမ်းဖက်စစ်အုပ်စု သည် လွတ်လပ်ပြီး တရားမျှတသည့် ၂၀၂၀ ဒီမိုကရေစီရွေးကောက်ပွဲရလဒ်ကို ဖျက်ဆီးပြီး မြန်မာ ပြည်သူလူထုထံမှ ဒီမိုကရေစီကို လုယူခဲ့သည်။ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသည့် ပြည်သူလူထုများကို လည်း စစ်မြေပြင်သုံးလက်နက်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။

(၇၆) နှစ်အတွင်း ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးကို ငြင်းပယ်ခံရခြင်း၊ စစ်အာဏာရှင်များ၏ လူမျိုးတုံး သတ်ဖြတ်ခံရခြင်းကို အဆုံးသတ်ရန်နှင့် အားလုံးပါဝင်သော ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကို တည်ထောင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးက စစ်အာဏာရှင်ကို တော်လှန်လာခဲ့ကြသည်မှာ (၂၇) လ တိုင်ခဲ့ ပြီဖြစ်ပါသည်။ ပြီးခဲ့သော (၂၇) လအတွင်းတွင် အကြမ်းဖက်စစ်တပ်သည် ကလေးပေါင်း ၈၀၀ အပါအဝင် အပြစ်မဲ့ပြည်သူ ၄,၀၀၀ နီးပါးကို သတ်ဖြတ်ခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတကြီး ဦးဝင်းမြင့် စသည့် ခေါင်းဆောင်များသာမက ကလေး ၄၀၀ အပါအဝင် အပြစ်မဲ့ပြည်သူပေါင်း ၂၃,၀၀၀ ကျော်ကို မတရားဖမ်းဆီး အကျဉ်းချခြင်းများ ကျူးလွန်သည့်အပြင် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေးအဆောက်အဦး ၇၀,၀၀၀ ကျော်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြ သည်။ လွန်ခဲ့သော (၂၇) လအတွင်းတွင် မြန်မာပြည်သူ (၁၈) သန်းနီးပါး အသက်ကယ်ဆယ်ရေးအကူအညီ များလိုအပ်ခြင်း၊ ပြည်သူ (၂) သန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်သွားရခြင်းနှင့် ပြည်သူ (၄၈) သန်းတို့ အလွန်အမင်း ဆင်းရဲသည့် ဒဏ်ကိုခံစားနေကြရသည်။ လွန်ခဲ့သော (၂၇) လသည် နာကျင်ခြင်းဝေဒနာ၊ ဆင်းရဲဒုက္ခအမျိုး မျိုး၊ သေဆုံးခြင်းနှင့် ပျက်စီးခြင်းများဖြင့် ပြည့်နှက်သောအချိန်ကာလဖြစ်သည်။ တချိန်ထဲမှာပင် အကြမ်းဖက်စစ်ကောင်စီက "ဖြတ် ၄ ဖြတ်" နည်းကို အသုံးပြုပြီး မြန်မာပြည်သူလူထုတရပ်လုံးအပေါ် ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါများကို လက်နက်သဖွယ်အသုံးပြု အကြမ်းဖက်လျက်ရှိသည်။

မဖော်ပြနိုင်သော ရက်စက်ကြမ်းကြုတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ် ရာဇဝတ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီကို မြတ်နိုးသော မြန်မာပြည်

သူများရဲ့မျှော်လင့်ချက်ကို အကြမ်းဖက်စစ်အာဏာရှင်များ၏ စစ်လက်နက်များနှင့် တိုက်လေယာဉ်များက မဖျက်ဆီးနိုင်ပါ။ ဤအကြမ်းဖက်စစ်အာဏာရှင်များသည် မိမိတို့ပြည်သူလူထုကို ပြန်လည်တိုက်ခိုက်သတ်ဖြတ်သည့်အကြောင်းကို ရိုဟင်ဂျာလူမျိုးများကို လူမျိုးတုံးသတ်ဖြတ်ခဲ့ခြင်းဖြင့် သက်သေပြခဲ့ပြီးဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီက "ဖြတ် ၄ ဖြတ်" ပေါ်လစီမှ တဆင့် အသက်ဆယ်ရေးအကူအညီများ လိုအပ်လျက်ရှိသော မြန်မာပြည်သူ (၁၈) သန်းအတွက် အကူအညီများကို ငြင်းပယ်ခြင်း၊ မြန်မာနိုင်ငံရှိ ကလေးသန်းပေါင်းများစွာ၏ ပညာရေးအခွင့်အလမ်းများကို တားဆီးပိတ်ပင်ခြင်းများကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ဆိုးကျိုးများစွာရှိသည်သာမက မြန်မာပြည်သူတရပ်လုံးအပေါ် လူမျိုးတုံးအကြမ်းဖက်ခြင်းကို ကျူးလွန်ခြင်းလည်းဖြစ်သည်။

ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီတို့၏ရန်သူ အကြမ်းဖက်စစ်အာဏာရှင်သည် မြန်မာပြည်သူ (၅၄) သန်းကို ဒုက္ခဆင်းရဲများနဲ့ သေကျေပျက်စီးစေရန် အလုပ်များနေစဉ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ မြန်မာပြည်သူတရပ်လုံး၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသော ရဲဘော်ရဲဘက်များနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများသည် လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ စံတန်ဖိုးများနှင့် မူဝါဒများအတွက် ဆိုးရွားသော အခြေအနေများအကြား ဆက်လက်တိုက်ပွဲဝင်နေကြသည်။

လွန်ခဲ့သော (၇၆) နှစ်အတွက် နောက်ဆုံးတော်လှန်ရေးဖြစ်သည့် တစ်နိုင်ငံလုံးပါဝင်သည့် နွေဦးတော်လှန်ရေးသည် အကြမ်းဖက်စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းသည်သာမက ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ပန်းတိုင်ကို အပြည့်အဝ မရောက်မချင်း ကြိုးစားအားထုတ်ရန်အတွက် ဖက်ဒရယ်ဒီမိုကရေစီ လမ်းပြမြေပုံဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ကို ရေးဆွဲပြီးနောက် အသွင်ကူးပြောင်းရေးဖွဲ့စည်းပုံအခြေခံဥပဒေ (Transitional Constitution) ကို ဆက်လက်ရေးသားလျက်ရှိသည်။ မြန်မာတစ်နိုင်ငံလုံးရှိ စစ်ကောင်စီကိုတော်လှန်နေကြသည့် မြန်မာပြည်သူများသည် အားလုံးပါဝင်သည့် လွတ်လပ်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရေးဆွဲကြသည်သာမက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs)၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (EROs)များမှတဆင့် မြန်မာနိုင်ငံ ထက်ဝက်ကျော်ကို စိုးမိုးထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်တပ်၏ လူမျိုးတုံးသတ်ဖြတ်ခြင်း အမှောင်ထုအဆုံးသတ်ပြီး လွတ်လပ်ခြင်းရောင်ခြည်အတွက် အာဇာနည်သူရဲကောင်းများက အသက်ပေးဆပ်နေကြခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ

သက်ဆိုင်ရာအဖွဲ့အစည်းများက အကြမ်းဖက်စစ်ကောင်စီအပေါ် ထိရောက်သော အရေးယူဒဏ်ခတ်ခြင်းများ ပြုလုပ်ရန် တွန့်ဆုတ်နေပါက ဤကြောက်မက်ဖွယ်အမှောင်ထုကြီး အဓွန့်ရှည်ပြီး သန်းပေါင်းများစွာသော အပြစ်မဲ့ပြည်သူများ ဒုက္ခခံစားကြရပါလိမ့်မည်။ မြန်မာပြည်သူလူထုက ဤအရာကို မခံရပ်နိုင်တော့ပါ။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာပြည်သူများ၏ ဒီမိုကရေစီဆန္ဒနှင့် ဖက်ဒရယ်ဒီမိုက ရေစီရည်မှန်းချက်များကိုလေးစားပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို မြန်မာနိုင်ငံ၏ တရားဝင် ဒီမို ကရေစီကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုပေးပါ။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီသာမက သူတို့ကို ထောက်ခံသည့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ကုမ္ပဏီများ၊ နိုင်ငံများဖြစ်စေ အားလုံးကိုပါ ဆန့်ကျင် သည့် ထိရောက်သော ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုများ ချက်ချင်းပြုလုပ်ပေးပါ။ ဤပိတ်ဆို့မှု များကို လူမှုစီးပွားရေးအရသာမက နိုင်ငံရေးနှင့် သံတမန်ရေးအရလည်း အကောင်အထည်ဖော်သင့်သည်။

မြန်မာနိုင်ငံ၏ အာဇာနည်သူရဲကောင်းများသည် မြန်မာတစ်နိုင်ငံလုံး စစ်အာဏာရှင်ကို တော်လှန်သည့် အရေးတော်ပုံနှင့် အားလုံးပါဝင်သော ဖက်ဒရယ် ဒီမိုကရေစီအနာဂတ်အတွက် ခွန်အားပေးနေသည်။ ဒီကနေ့ အာဇာနည်နေ့တွင် လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအတွက် မိမိတို့အသက်များကို ပဓာနမထားပဲ ဖိနှိပ် ခြင်းများနှင့် မတရားခြင်းများအကြား စွန့်လွှတ်ပေးဆပ်ခဲ့ကြသည့် မတုန်လှုပ်သော သတ္တိနှင့် ခိုင်မာသော ဆုံးဖြတ်ချက်များအတွက် နွေဦးတော်လှန်ရေး သူရဲကောင်းများအားလုံးကို ဦးညွှတ်အလေးပြုအပ်ပါသည်။ အာဇာနည်သူရဲကောင်းများက လွတ်လပ်မှု၊ လူ့အခွင့်အရေးနှင့် တရားမျှတမှုတို့၏ ကြီးမားသောတန်ဖိုးများ ကို သတိရစေသကဲ့သို့ သူတို့၏သတ္တိနှင့် စွန့်လွှတ်အနစ်နာခံမှုများကို ပြည်သူများ၏နှလုံးသားတွင် ထာဝစဉ် အောက်မေ့ ဂုဏ်ပြုနေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အာဇာနည်နေ့တွင် ယူကရိန်းနိုင်ငံဟာလည်း မြန်မာပြည်သူများ၏အတွေးထဲတွင် ရှိနေ ပါသည်။ ယူကရိန်းနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံး၏ လွတ်လပ်သော မနက်ဖြန်များအတွက် ၎င်း တို့၏နေ့ရက်များကို စွန့်လွှတ်ပေးဆပ်ခဲ့ကြသည့် ယူကရိန်းသူရဲကောင်းများကိုလည်း အောက်မေ့ ဂုဏ်ပြု အလေးပြုအပ်ပါသည်။ မြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှ ရဲရင့်သောသူရဲကောင်းများသည် ဖိနှိပ်မှုမှ လွတ်မြောက်စေရန်နှင့် မိမိတို့လူမျိုးများကို လွတ်လပ်သောကမ္ဘာကြီးဆီသို့ ရောက်ရှိစေရန် အသက်များကို စတေးခဲ့ကြသည်။ မစဉ်းစားနိုင်လောက်သော နာကျင်မှုနှင့် ဆုံးရှုံးမှုများကို ခါးစည်းခံစားရသည့် အာဇာနည် သူရဲကောင်းများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူထပ်မျှရပ်တည်လျက်ရှိပါသည်။ အာဇာနည်

သူရဲကောင်းများ တိုက်ပွဲဝင်ခဲ့ကြသည့် လွတ်လပ်မှုနှင့် ဒီမိုကရေစီတို့အတွက် မယိမ်းယိုင်သော ကတိကဝတ်သည် မြန်မာနိုင်ငံ၊ ယူကရိန်းနှင့် ကမ္ဘာတစ်ဝန်းလုံးတို့၏ ခွန်အားနှင့် စိတ်ဓာတ်ကို သက်သေထူလျက်ရှိသည်။

လွတ်လပ်မှု၊ ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝတဲ့ ဒီမိုကရေစီကမ္ဘာကြီးအတွက် တိုက်ပွဲဝင်နေကြသော ရဲရင့်သော မြန်မာပြည်သူများနှင့် ယူကရိန်းပြည်သူများကို ထောက်ပံ့ပေးဖို့ ပြည်တွင်း၊ ဒေသန္တရနဲ့ အပြည်ပြည်ဆိုင်ရာ သက်ဆိုင်ရာအဖွဲ့အစည်းများကို ထပ်မံတိုက်တွန်းလိုပါသည်။ အားလုံးအတွက် ပိုမိုတောက်ပသော မနက်ဖြန်နေ့ရက်များရောက်ရှိလာစေရန် တော်လှန်နေကြသည့် မြန်မာပြည်သူများအားလုံးကို အာဇာနည်သူရဲကောင်းများက အစဉ်အမြဲစောင့်ရှောက်ပါစေကြောင်း တောင်းဆုပြုအပ်ပါသည်။ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုနဲ့ စည်းလုံးညီညွတ်မှုတို့အပေါ် တည်ဆောက်ထားသည့် ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးကို တက်တက်ကြွကြွ ပါဝင်ဖော်ဆောင်ခြင်းအားဖြင့် သူတို့၏ ပေးဆပ်မှုများကို ဂုဏ်ပြုရန် တိုက်တွန်းအပ်ပါသည်။ နောက်လာမည့် (၇၇) ကြိမ်မြောက် အာဇာနည်နေ့ကို စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ပြီး ငြိမ်ချမ်းမှု၊ လွတ်လပ်မှုများနဲ့ အာဇာနည်နေ့ကို ပြည်သူများ အောက်မေ့ဂုဏ်ပြုနိုင်ရန် မျှော်လင့်ပါသည်။

အရေးတော်ပုံအောင်ရမည်!
မြန်မာနိုင်ငံကို ဘုရားသခင်ကောင်းချီးပေးပါစေ!

လေးစားစွာဖြင့်

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ